
ဝန်ရင်း
Read on the move
ဖူး
ရင်ခွင် အလှ ရှာပုံတော်

# အခန်း (၁)

''ဟော့ လောဘတွေကြီးပြီး နင်တို့အရမ်းမထည့်ကြနဲ့ဦးနော်၊ ဟိုမှာ ရေးထားတဲ့ စာကို ဖတ်ကြည့်ကြဦး''

ဝိုင် စကားကြောင့် သံသိ အဘော့နူ ကြီးပေါ်မှ အစားအစာတွေ ကို စိတ်တိုင်းကျ ရွေးချယ်ယူနေသော ညြနှင့်ချို တွန့်ခနဲ ဖြစ်ကုန်ကြသည်။

''ဘာလဲဟ ဘာရေးထားလို့လဲ''

ဘူဖေးဟော့ပေါ့ပ်ဆိုင်လေး၏ နံရံမှာ ရေးထားသော သတိပေး စာတန်းလေးကြောင့် ညြနှင့်နေရောင် မျက်မှောင်လေးတွေ ကုပ်သွားကြ ၏ ။

စားသုံးသူများစိတ်ကြိုက် ယူဆောင်သော ဟင်းလျာနှင့် အသီး အနှံများ မကုန်ဘဲကျန်ရှိနေလျှင် ကီလိုချိန်နှင့် သတ်မှတ်ကာ ငွေပြန် ပေးလျော်ရမည့် သတိပေးစာတန်းလေးပဲ ဖြစ်ပါသည်။

''ဒုက္ခပဲ လက်တောင်တွန့်သွားပြီ''

''ဟုတ်ပ့ါ ယူထားသမျှ မကုန်ကုန်အောင် စားရမယ့်ပုံ ဖြစ်နေ ပြီ''

ညြနှင့်ချိုတို့ သဘောမကျသလို ဝေဖန်နေကြတော့ ဝိုင် ချစ် စဖွယ်လေး ပြုံးရင်း

''ဒါတော့ဟာ ကိုယ့်ဝမ်းနဲ့နိုင်သလောက် စိတ်ကြိုက်စားပေ့ါ၊ ဘူဖေးစနစ်ဆိုပြီး တချို့တွေက စားစရာတွေကို နင်းကန်ထည့်ကြ၊ မကုန် ဘဲ ပို့နေတော့ အလဟသ ဖြစ်ကုန်တာပေ့ါ၊ ဒါကြောင့် ဒီသတိပေးစာတမ်း လေး ကပ်ထားတာဖြစ်မှာပေ့ါ''

ဝိုင့်စကားကို ညြနှင့်ချို ခွန်းတုံ့မပြန်ကြတော့ဘဲ လက်ခံငြိမ်သက်သွားကြပါသည်။

အမှန်တော့ ဒီနေ့လေးက ဝိုင့်မွေးနေ့အကြိုအဖြစ် အချစ်ဆုံးသူငယ်ချင်းတွေကို လိုက်ကျွေးမွေးခြင်းပဲ ဖြစ်သည်။

ညြနှင့်ချိုတို့ စားချင်သော ဟော့ပေါ့ဆိုင်လေးမှာ ဝိုင် လိုက် ပြုစုဖြစ်၏ ။ စတီးဗန်းလေးထဲမှာ စိတ်တိုင်းကျ အသား၊ ငါးနှင့်သီးနှံ အစုံအလင်ယူဆောင်ခဲ့ကြကာ စားပွဲဝိုင်းတစ်ခုမှာ ထိုင်လိုက်ကြသည်။

စားပွဲထိုးဝိတ်တာလေးက အငွေ့တထောင်းထောင်း ဟော့ပေါ့ မီးဖိုလေးသယ်ယူလာပေးသည်။

အသားစိမ်းတုံးလေးတွေ၊ ငါးတုံးလေးတွေကို အိုးလေးထဲ ထည့်ပြုတ်လိုက်သည်။ ပုစွန်ကောင်လေးတွေကိုတော့ ကင်လိုက်ကြသည်။ အသားပြုတ်အိုးကျက်အောင်စောင့်ရင်း ညြနှင့်ချိုကတော့ စာမေးပွဲအကြောင်းအာရုံရောက်ကာ စာအကြောင်းတွေ ပြောနေကြ သည်။

အရေးကြီးသော ငြေ့ါ စမေအ စာမေးပွဲက နီးနေပြီ။ ဝိုင်တို့ အားလုံးစာကို ဂရုစိုက်ကျက်နေကြရသည်။ ဒါကြောင့်လည်း နောက်တစ်ပတ်မှကျရောက်မည့် မွေးနေ့အတွက် ဝိုင် စောစီးစွာပဲ သူငယ်ချင်း တွေကိုကျွေးမွေးတာ ဖြစ်သည်။

မနက်က သူငယ်ချင်းသုံးယောက် ရွှေတိဂုံစေတီတော်ရောက်ကာကုသိုလ်ယူဖြစ်ကြသည်။

ပြီးတော့ ဟက်ပီးဝေါလ်ထဲမှာ လျှောက်ကြည့် အချိန်ဖြုန်းပြီးမှ ပဲ ဒီဆိုင်လေးကို ရောက်ခဲ့ကြတာဖြစ်သည်။

ညြနှင့်ချိုတို့စကားတွေ နားထောင်ရင်း ဝိုင်အကြည့်တွေ မထင် မှတ်ဘဲ

ရောက်သွားသည်က ခပ်လှမ်းလှမ်းက စားပွဲဝိုင်းလေးကိုပဲ ဖြစ် သည်။

ထိုဝိုင်းလေးမှာ ထိုင်နေကြသူတွေက လူငယ်လေးယောက် ဖြစ် သည်။ ဝတ်ထားသော စတိုင်နှင့် ပုံစံလေးတွေက တကယ့် ခေတ်လူငယ် လေးတွေရဲ့ ဒီဇိုင်းဖြစ်သည်။

နှစ်ယောက်က ဆံပင်တွေကို ရွှေရောင်ဆိုးထားသည်။ ကျန် တစ်ယောက်က ရွှေရောင်မဟုတ်ပေမယ့် မဟော်ဂနီရောင် ဆံပင်ရှည်ရှည် ကို ဂျယ်လိမ်းကာ ထောင်ထားပုံက တကယ့် ရပ်ပ်ပါစတိုင်။

လေးယောက်တည်းကမှ အထူးခြားဆုံးသူက ဝိုင်ဘေးတိုက် မြင်နေရသော လူရွယ်ပဲဖြစ်သည်။

ဆံပင်တိုတို သေသေသပ်သပ်က နဂိုအနက်ရောင်ဖြစ်သည်။ ကျန်သုံးယောက်လို အရုပ်တွေ စာတန်းတွေပါသော တီရှပ်မဟုတ်ပါဘဲ ဆင်စွယ်ရောင် တီရှပ်လေးကိုပဲ ရိုးစင်းစွာ ဝတ်ဆင်ထားသည်။

အပြာနုနု ဂျင်းပြာနှင့် သူ့အသွင်သည် ဝိုင့်ကို စွဲဆောင်နိုင်တာ တော့ ဝန်ခံရမည်ဖြစ်သည်။

ဆံပင်တိုတိုကြောင့် ရှင်းသန့်နေသော မျက်နှာလေးက ပိုထင် ရှားပေါ်လွင်၏။ ဘေးတိုက်မြင်နေရသော မျက်ခုံးက ထင်းနေကာ နှာတံ ကျစ်ကျစ်က ပုံကျသည်။ ပြည့်သော နှုတ်ခမ်းနှင့် အသားအရည်က ကျန်သုံးယောက်လို ဖြူဝင်းညက်မနေဘဲ ညိုစိမ့်စိမ့်ဖြစ်တာက ပိုထူးခြား သည်။

''ဟဲ့ မိဝိုင် ဘာဖြစ်နေတာလဲ''

ပခုံးကိုပုတ်ကာခေါ်သော ချို့အသံကြောင့် ဝိုင့်အတွေးလေးတွေ ပျောက်ပျက်ကုန်၏ ။

''ဟင် ဘာဖြစ်လို့လဲ ချို''

''ဒီမှာ အသားတွေကျက်နေပြီ၊ ပူပူနွေးနွေး မစားဘဲ ဘာတွေ ငေးနေတာလဲ''

''စားမှာပေ့ါ နင်တို့စားကြလေ''

''စားမှာမပူနဲ့၊ ကျန်နေရင် လျှော်ရမှာဆိုတော့ တစ်လုံးတစ်ဖတ် တောင် မကျန်စေရဘူး အဟင်း ဟင်း''

ဩ ရယ်မောပြောရင်း ပန်းကန်လုံးလေးထဲကို အသားပြုတ်တွေ အသီးအနှံပြုတ်တွေထည့်ကာ စားနေသည်။

ချိုကလည်း ဟင်းချိုရည်ပူပူကို မှုတ်သောက်လိုက် စားလိုက်နှင့် ရှိသည်။ ဝိုင့်မှာသာ အစားအစာကို အာရုံမရောက်နိုင်ဘဲ ညိုချောလေး ကို တကြည့်ကြည့်ဖြစ်နေ၏ ။

ဝိုင့်အဖြစ်ကိုသိလျှင် ဩနှင့်ချို ဘာပြောကြမည်လဲမသိပါ။

ဆေးကျောင်းသူ နောက်ဆုံးနှစ်အထိ ရောက်ခဲ့ပေမယ့် ဘယ် ယောကျ်ားလေးကိုမှ အာရုံမဝင်စားခဲ့သော သူမက အခုမှမြင်ဖူးသော ယောကျ်ားလေးကိုမှ ဣန္ဒြေမဲ့ကာ အာရုံရောက်နေတာ မဖြစ်သင့်သေး။

သတိနှင့်ပြန်ချုပ်ထိန်းရင်း ဝိုင် စားစရာတွေကို အာရုံစိုက် စားလိုက်ရပါ၏ ။

စားသောက်ပြီးတော့ အချိုပွဲအတွက် လာယူကြတာနှင့် ထိပ် တိုက်ဆုံမိကြသည်။

နီးနီးကပ်ကပ် မြင်ရမှ သူ့ရဲ့ယောကျ်ားပီသချောမောသော မျက်နှာလေးကို ဝိုင် အားပါးတရ ကြည့်ရှုခွင့်ရတော့သည်။

သူက လုပစ္စာပုံဖော်ထားသော ဖရဲသီးစိတ်လေးတွေနှင့် သင်္ဘော သီးစိတ်လေးတွေကို ညှပ်လေးနှင့် လိုသလောက် ထည့်ယူနေ၏ ။

တိတိပပ ညှပ်ထားသော လက်ချောင်းက လက်သည်းလေးတွေ က ဖြူဖွေးသန့်စင်နေသည်။ ဘယ်ဘက်လက်သူကြွယ်မှာ တစ်ကွင်းတည်း သော စိန်လက်စွပ်လေးကို ညိုချောလေး ဝတ်ဆင်ထားသည်။

''ဟာ မမသြ''

''ဟယ် တန်ခူး၊ ဟော့ပေ့ါ လာစားကြတာလား''

''ဟုတ်တယ် မမသြ၊ သူငယ်ချင်းတစ်ယောက်မွေးနေ့ လိုက် ကျွေးလို့''

သြနှင့် စကားပြောနှုတ်ဆက်နေသော ချာတိတ်ကို ဝိုင် လှမ်း ကြည့်မိ၏ ။ မဟော်ဂနီရောင်ဆံပင်ထောင်ထောင်နှင့်ကောင်လေး ဖြစ် သည်။

''ဟယ် တူလိုက်တာ၊ မမသြတို့လည်း ဟောဒီက ဝိုင်မွေးနေ့ မို့ လာစားကြတာလေ''

''ဟုတ်လား ကျွန်တော်တို့ရဲ့မွေးနေ့အလှူရှင်က သွေးလေ''

တန်ခူးဆိုသည့် ချာတိတ်ပြောရင်း ညိုချောလေးကို လှမ်းကြည့် လိုက်တာမို့ ဝိုင့်ရင်ထဲမှာ လှုပ်ခတ်သွားမိသည်။

ညိုချောလေး နာမည်က သွေးတဲ့လား။ အပြည့်အစုံတော့ ဟုတ်ဟန်မတူပါ။ သြကို အသိအမှတ်ပြုသလို တစ်ချက်ပဲပြုံးပြကာ သူ့အချိုပွဲအတွက် စားလိုတာတွေကို ထပ်ယူနေသည်။

''မမကြီးကတောင် မမသြ မလာတာကြာလို့ တွေ့ကြသေးလား ကျွန်တော့်ကို မေးနေသေးတယ်''

''ဟုတ်တယ် စာမေးပွဲနီးနေလို့ တန်ခူးရဲ့၊ လာခဲ့ပါဦးမယ်''

''ဟုတ်ကဲ့ မမသြ၊ ကျွန်တော် ပြောလိုက်ပါ့မယ် ခွင့်ပြုပါဦး နော်''

ပြောပြီး သူတို့စားပွဲဝိုင်းကို အချိုပွဲလေးတွေနှင့် ပြန်သွားကြ သည်။

ဝိုင့်စိတ်ထဲမှာတော့ ကြည်နူးနေသည်။

သွေးရဲ့သူငယ်ချင်း ချာတိတ်နှင့် မိဿွေဿြတို့ သိနေသည်ပေ့ါ။ ဒါဆိုလျှင်တော့ ဝိုင့်အတွက် တစ်ခန်းရပ်ပြဇာတ်ဖြစ်စရာအကြောင်းမရှိပါ။

မိဿြကို မေးကြည့်လျှင် သွေးအကြောင်း သိနိုင်မှာ သေချာ၏ ။

ဝိုင်တို့ အချိုပွဲစား စကားတွေပြောနေတုန်းမှာ ညိုချောလေး တို့အဖွဲ့ ပြန်သွားကြသည်။ တန်ခူးဆိုသော ကောင်လေးက ဿြကို လက်ပြနှုတ်ဆက်သွားခဲ့သေးသည်။

ညိုချောလေးကတော့ တစ်ချက်လေးတောင် လှည့်မကြည့်ပါ ချေ။

အိမ်ပြန်ကြတော့ ချို့ကို အရင်ပြန်လိုက်ပို့ပေးလိုက်သည်။ သည် နေ့က ချိုနှင့်ဿြ ကားယူမလာကြပါ။ ဝိုင်ကိုယ်တိုင်ပဲ ကားယူခဲ့ကာ အိမ်တိုင်ရာရောက် ကြိုပို့ပေးတာဖြစ်သည်။

ချို့ကို ပြန်ပို့ပေးပြီးတော့ ဿြနှင့်အတူ ပြန်ခဲ့သည်။

လမ်းမှာ ဝိုင်မေးလိုသော မေးခွန်းကို မေးမြန်းကြည့်မိ၏ ။

''ဿြ ငါတို့နဲ့ ဆိုင်မှာ ဆုံခဲ့ကြတဲ့သူတွေက ဘယ်သူလဲ''

မမျှော်လင့်သော ဝိုင်အမေးကြောင့် ဿြ မျက်မှောင်လေးကျုံ့ကာ အံ့ဿြသွားသေး၏ ။ ပြီးမှ သဘောပေါက်သွားကာ

''ဪ် နင်မေးတာ တန်ခူးကိုလား'' ဝိုင် ခေါင်းလေးညိတ်ပြတော့ ဿြ လက်ထဲက ချောကလက် ချိုချိုလေးကို ဖောက်စားရင်း

''သူက တန်ခူးမောင်လေဟာ ရပ်ပါသီချင်းဆိုကြတဲ့သူတွေပေ့ါ၊ အခု ပထမအခွေထွက်တာ မကြာသေးဘူး''

ဝိုင် ဒီတစ်ခါတော့ ပြန်မျက်မှောင်ကျုံ့သွားသည်။ ဆိုးတာက ဝိုင်

ကိုယ်တိုင်က ရပ်ပ်ပါသီချင်းတွေကို သိပ်မကြိုက်ပါ။ ဒါကြောင့် နားမထောင်ဖြစ်တော့မသိ။ ညိုချောလေးက ရပ်ပ်ပါတစ်ယောက်လား။

''သူတို့အုပ်စုက သုံးယောက်လေ၊ တန်ခူးမောင် နေဇော်မိုးနဲ့ သူရဇော်တို့အုပ်စု အဖွဲ့နာမည်က တီအန်တီတဲ့''

ဝိုင် ကြားခဲ့သောသူ့အမည်က သွေး။ ညြ ပြောသောအမည် တွေထဲမှာမပါတာမို့ တွေသွားရသည်။ အဖွဲ့က သုံးယောက်ဆိုတော့ ကျန်တစ်ယောက်က ညိုချောလေးလား။

''မဟုတ်ဘူး ငါမေးနေတာ နောက်တစ်ယောက်ဖြစ်မယ်၊ သွေး ဆိုလား''

''သွေး ဩော် ဒီနေ့ သူတို့ရဲ့မွေးနေ့ရှင်ဆိုတဲ့ ပုဂ္ဂိုလ်လေးလား၊ ငါ နာမည်မသိဘူး၊ သူငယ်ချင်းဆိုပေမယ့် သူတို့ဂီတအဖွဲ့မှာမပါဘူး''

ဝိုင် နည်းနည်းတော့ စိတ်ရှုပ်သွားမိပါသည်။ ညြ မသိသော သူက ဝိုင် သိချင်နေသူဖြစ်နေတာ အခက်။

''နေပါဦး နင်က အဲဒီ ပုဂ္ဂိုလ်လေးကို ဘာလို့သိချင်တာလဲ''

ညြ မေးလာတော့ ဝိုင် ရှက်ပြုံးလေးပြုံးမိသည်။ အရင်းနှီးဆုံး သူငယ်ချင်းတွေမို့ လိမ်ညာလို့မရတာ သေချာ၏ ။

''ငါသိချင်လို့ ဆိုင်ထဲဝင်လာကတည်းက သတိထားမိလို့ပါ''

''ဗုဒ္ဓေါရေ အယ်လင်ဝိုင် ရှင် တကယ်ပြောတာလား''

ညြ နှုတ်က အံ့ဩသလို ရေရွတ်သည်။ မျက်ဝန်းအကြည့်တွေ ကလည်း ဝိုင့်ဆီ စူးစူးနစ်နစ် ရောက်နေမှာ လှည့်မကြည့်ပါဘဲ သိနေ၏ ။

''ဟုတ်တယ် သူရဲ့တည်ငြိမ်တဲ့ စတိုင်လေးနဲ့ ရိုးရိုးစင်းစင်းလေး ကို ငါ သဘောကျတယ်''

''ဝိုင်ရယ် ချက်ချင်းကြီးပါလား''

''ဟော့ သဘောကျတယ်ပဲ ပြောသေးတာနော် ဒီထက်မပိုသေး ဘူး''

''မပိုပေမယ့် နင့်ပုံစံက ထူးခြားနေတယ်၊ ဘယ့်နှယ်တော် ကျောင်းမှာတုန်းက ဘယ်ယောကျ်ားမှ ရင်မခုန် စိတ်မဝင်စားတဲ့သူက''

ဩ ဒီလိုပြောမည်ဆိုတာ ကြိုသိပါသည်။ ဒါတောင် မိနေရောင် ချို မသိသေးတာကြောင့် တော်သေးသည်။

''ဩ တန်ခူးမောင်နဲ့နင် ဘယ်လိုသိကျွမ်းတာလဲ''

''တန်ခူး အစ်မနှစ်ယောက်နဲ့သိတာပါ၊ သူ့အစ်မနှစ်ယောက် က နာမည်ကြီး ဒီဇိုင်နာတွေလေဟာ၊ ငါ ဝတ်စုံတွေအပ်ဖူးတယ်၊ ခင် လည်း ခင်မင်တယ်''

''အိုကေ ဒါဆိုရင် ငါလည်း တစ်စုံအပ်ချင်တယ်''

''အင်း ရောဂါကစလာပြီ၊ ငါတော့ မြင်ယောင်တယ်''

''ဘာမြင်ယောင်တာလဲ ဩရဲ့''

''မနဲ့မောင် ဓာတ်လမ်းလေ၊ နင်တော့ မောင်လေးဆိုးသမျှ ဒဏ်ခံရတော့မယ်ထင်တယ် အဟင်း ဟင်း''

ဩ ဝေဖန်ထင်မြင်ချက်ကြောင့် ဝိုင် ယွဲ့ယွဲ့လေးပြုံးမိသည်။ အာရုံထဲမှာတော့ သွေးဆိုသော ညိုချောလေး မျက်နှာလေးကို မြင်ယောင် မိ၏ ။

ငယ်ရွယ်ပေမယ့် သူ့အသွင်က တည်တည်ငြိမ်ငြိမ်လေးပါ။ ဩ ဆိုသလို ဝိုင့်အပေါ်မှာ အနိုင်ယူမည်မထင်။

နောက်ဆုံး အနိုင်ယူစေဦးတော့ ဝိုင့်ချစ်ခြင်းက လျော့ပါးသွား စရာမရှိပါ။ ရှင့်မျက်နှာလေးကို မြင်တွေ့ရုံနဲ့ လှုပ်ခတ်သွားမိတဲ့ ဝိုင့် နှလုံးသားရဲ့ဆန္ဒကို ဝိုင် မလွန်ဆန်နိုင်ဘူး ညိုချောလေးရယ်။

မိန်းကလေးဘက်က စတာမို့ အထင်သော မသေးလိုက်ပါနဲ့ ကွယ်။

*

## အခန်း (၂)

ဝိုင့်ဆန္ဒကို ဩကြ ကြည်ဖြူစွာပဲ ဖြည့်ဆည်းပေးခဲ့ပါသည်။

တန်ခူးမောင်၏ ဒီဇိုင်နာ အစ်မနှစ်ယောက်ဆီ ရောက်ခဲ့ကြ သည်။

သူတို့က ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ဖွင့်ထားသည်ဆိုပေမယ့် ဆိုင်ပိတ်ရက်နှင့်တိုက်နေတာမို့ အိမ်ကိုရောက်ခဲ့ကြသည်။

ခြံဝင်းကျယ်ကြီးအတွင်းမှ နှစ်ထပ်တိုက်ကြီးက ထည်ဝါပါသည်။

တန်ခူးမောင်ဖခင်က ကုမ္ပဏီတစ်ခု တည်ထားသလို မိခင်က ရွှေဆိုင်ဖွင့်ထားသည်။ အစ်မနှစ်ယောက်က ဒီဇိုင်နာဖက်ရှင်ဆိုင်ပိုင်သည်။

မနှစ်ကမှ ကျောင်းပြီးဘွဲ့ရသော တန်ခူးမောင်က ဂီတဝါသနာ ပါသည်။ မိဘများနှင့် အစ်မတွေက တစ်ဦးတည်းသောမောင်ဖြစ်သူဆန္ဒကို ဖြည့်ဆည်းပေးကြသည်။

တစ်လမ်းလုံး တန်ခူးမောင်တို့အကြောင်းတွေ ဩ ပြောပြ သည်။ ဝိုင့်စိတ်က သိချင်နေတာ ညီုချောလေးအကြောင်းပဲ ဖြစ်သည်။

ဒါကြောင့်လည်း တန်ခူးမောင် အစ်မတွေဆီ အစ်အောက်မေး ဖို့ လိုက်ခဲ့တာ ဖြစ်သည်။

''ဟယ် ဩ မလာတာကြာလို့ မျှော်နေသေးတယ်''

''ဟုတ်တယ် မအိ၊ ဖိုင်နယ်ပါတ် စာမေးပွဲနီးနေလို့လေ'' ''ထင်တော့ ထင်သား၊ ကဲ ထိုင်ကြလေ သူငယ်ချင်းလည်းပါ တယ်ပေါ့''

''ဟုတ်ကဲ့ မအိ ဒါ အယ်လင်ဝိုင်လေ၊ ဩရဲ့ အခင်ဆုံးသူငယ် ချင်းပါ၊ သူက မအိဆီ ဝတ်စုံအပ်ချင်လို့''

ဩက မိတ်ဆက်ပေးသည်။ မအိဆိုသော မမလှလှက ခင်မင်နှစ်လိုဖွယ်ပြုံးရင်း

''ရတယ် ရတယ် ဩ သူငယ်ချင်းဆိုတော့ အကောင်းဆုံး ကူညီပေးမှာပေါ့၊ ပွဲအတွက်လား''

''ဟင့်အင်း မဟုတ်ပါဘူး မအိ၊ ဝတ်စုံသစ်လေးတွေ လိုချင် ရုံသက်သက်ပါ၊ ဒါနဲ့ တန်ခူးမောင်ကော''

''မောင်လေးလား ထုံးစံအတိုင်းလေ စီးရီးဗီစီဒီကိစ္စနဲ့ သူ့မှာ အမြဲရှုပ်နေတာ''

''ဟုတ်လား ဟိုတစ်ရက်က တွေ့သေးတယ်၊ ဟော့ပေါ့ဆိုင်မှာ'' ဩက စကားစသည်။ မအိက ခေါင်းညိတ်နားထောင်နေရင်း

''ပြောတယ် ပြောတယ် မောင်လေး ပြောသေးတယ်''

''အဲဒီ တုန်းက သူ့သူငယ်ချင်းမွေးနေ့မို့တဲ့၊ ပြောပါတယ် သွေး ဆိုလား ဘာလား တစ်ယောက်''

''နယုန်သွေးပါ မောင်လေးသူငယ်ချင်းတစ်ယောက်၊ သူ့ရပ်ပါ အဖွဲ့ထဲက မဟုတ်ဘူး''

''ဒါကြောင့် ဩ မမြင်ဖူးလို့ တွေးနေတာ''

ဝိုင် သိချင်တာတွေသိဖို့ ဩကတော့ ဖော်လိုလိုက်ကာ အစ် အောက်နေသည်။ မအိကလည်း ရိုးသားစွာပဲ ပြောပြနေသည်။

''နယုန်သွေးလေးက မောင်လေးရဲ့ကျောင်းနေဖက်သူငယ်ချင်း လေးပါ၊ ရွှေတောင်ကြားမှာနေတာလေ၊ မောင်လေးတို့ သူငယ်ချင်းတွေ ထဲမှာ သူကတော့

တစ်လိုင်းလေ၊ တကယ့် စီးပွားရေးသမားပေါက်စလေး ပေါ့''

''ဟုတ်လား စတိုင်က တစ်ဘာသာပဲနော်''

''ဟုတ်ပ့ါ ခင်စရာတော့ ကောင်းပါတယ်၊ သူ့အမေပိုင်တဲ့ အရောင်းစင်တာတွေ၊ ကုမ္ပဏီလုပ်ငန်းတွေ ဦးဆောင်နိုင်အောင် ကြိုးစား နေတာ၊ ခမြာ အဖေလည်းဆုံးပြီဆိုတော့ စီးပွားရေးတာဝန်ကို မဖြစ် မနေ ယူရတာ ပေ့ါ''

ညိုချောလေးအကြောင်းကို အတော်များများပဲ ဝိုင် သိခွင့် ရလိုက်ပါသည်။ ဖခင်မရှိတော့သော သူက စီးပွားရေးသမားပေါက်စလေး အခြေအနေနှင့် ပြည့်စုံချမ်းသာမှုကတော့ ခန့်မှန်းကြည့်လို့ ရပါသည်။ နယုန်သွေးသည် လူကုံထံအသိုင်းအဝိုင်းက ကောင်လေးပဲ ဖြစ်သည်။

တန်ခူးမောင် အစ်မဆီမှာ ဝိုင့်အတွက် ဝတ်စုံငါးစုံအပ်ပြီး ပြန်ခဲ့သည်။

''ကဲ ဝိုင် နင်ဘာဆက်လုပ်မှာလဲ''

ဩ မေးလာတော့ ဝိုင် ကားမောင်းနေရင်းမှ လှည့်ကြည့်ရင်း

''ဘာကိုမေးတာလဲ ဩရဲ့''

''အခု နင်သိချင်တဲ့ နယုန်သွေးအကြောင်းတွေ သိရပြီလေ၊ ဒါကြောင့် မေးတာ''

ဩ ဘာအဓိပ္ပါယ်နှင့်မေးတာလဲ မသိပါ။ ဝိုင်ကတော့ ကြည် ကြည်နူးနူးလေး ပြုံးမိသည်။

''တကယ်ဆို ငါ သိချင်တာက အဲဒါ မဟုတ်ပါဘူး၊ သူနဲ့ဆုံ နိုင်တွေ့နိုင်မယ့် အခြေအနေကိုလိုချင်တာ၊ ဒါပေမဲ့ ကောင်းပါတယ်၊ သူ့နာမည် သူ့အကြောင်းတချို့ သိခွင့်ရတာ နင့်ကိုကျေးဇူးတင်တယ်၊ ဘာစားမလဲ''

''တော်ပါပြီဟယ် တကယ် ဘာမှမစားနိုင်တော့ဘူး၊ ငါ အိမ်ပဲ ပြန်တော့မယ်''

ဩ ဆန္ဒအတိုင်း အိမ်ကိုပဲ ပြန်လိုက်ပို့ပေးလိုက်ပါသည်။ အပြန်လမ်းမှာတော့ ဝိုင် ဟိုတွေးဒီတွေးရင်း တစ်ယောက်တည်း။

ဆင်ဝင်အောက်မှာ ဝိုင်ရဲ့ လင်ခရူဆာကားဖြူလေး ထိုးရပ် တော့ မာမီက အိမ်ရှေ့ထိ ထွက်ကြိုရင်း

''သမီးလေး ပြန်လာပြီလား ဩတို့ချိုတို့ကော''

''ဆရာ့ကို စာမေးပြီး သူတို့လည်း ပြန်သွားကြပြီလေ မာမီရဲ့''

မညာချင်ဘဲ မာမီ့ကို ညာမိပြန်သည်။ တကယ်ဆို ဩတို့နှင့် ဆရာဆီ စာမေးစရာရှိသည်ဆိုကာ တန်ခူးမောင်တို့အိမ် သွားခဲ့တာ ဖြစ်သည်။

စာမေးတာမဟုတ်ပါဘဲ အကျႋဝတ်စုံအပ်တာသိလျှင် မာမီ ဘာပြောမည်မသိပါ။ ဝိုင့်ရည်ရွယ်ချက်ကိုသိလျှင် မာမီရင်ဘတ်ကလေးဖိကာ တုန်လှုပ်သွားမှာ သေချာ၏ ။

''ကဲ ကဲ သမီး ရေမိုးချိုးလေ၊ ညနေစောင်းရင် နေမကောင်း ဖြစ်ဦးမယ်''

ဆေးကျောင်းနောက်ဆုံးနှစ်သမီးကို မာမီ တကယ့် ကလေး တစ်ယောက်လို့ ထင်နေတုန်းဖြစ်သည်။

အမြဲတမ်း ဂရုစိုက်ပြီး အရိပ်လိုရှိသော မာမီရဲ့မေတ္တာက ကြီး မားပါသည်။

လတ်တလောမှာတော့ ဒယ်ဒီက မြန်မာပြည်မှာမရှိ။ အမေရိ ကားမှာ ကုမ္ပဏီနှင့်ရောက်နေသည်။

ဒယ်ဒီသည် အိမ်မှာနေရချိန်နည်းပါးကာ မြန်မာပြည်နှင့် ရေခြားမြေခြား တိုင်းပြည်ကို ခေါက်တုံ့ခေါက်ပြန် သွားနေရတတ်သည်။

ဟိုးအရင်ကဆို မာမီသည်လည်း ဒယ်ဒီနှင့်အတူ ယောင် နောက်ဆံထုံးပါလိုက်နေရတာ ဖြစ်သည်။

ဒါကြောင့်လည်း ဝိုင့်ကိုမွေးတော့ အမေရိကားမှာ ဖြစ်သည်။ အမှတ်တရဖြစ်အောင် ဝိုင့်နာမည်ကို အယ်လင်ဝိုင်ဟု ခေါ်ခဲ့ကြပေမယ့် သမီးကိုတော့ ဒယ်ဒီနှင့်မာမီက မြန်မာပြည်မှာပဲ ရှင်သန်စေချင်သည်။

ဝိုင့်ကိုမွေးဖွားပြီးတော့ မာမီ မြန်မာပြည် ပြန်လာသည်။ ဒယ်ဒီ ကတော့ လာလိုက်သွားလိုက်နှင့် အလုပ်တာဝန်တွေအတိုင်း စီးပွားရှာမြဲ။

မာမီသည် ဝိုင့်ကိုမြန်မာပြည်မှာပဲ ကျောင်းတက်စေသည်။ မြန်မာ့ဓလေ့အတိုင်းပဲ ရှင်သန်ကြီးပြင်းစေခဲ့၏ ။

ဆယ်တန်းအောင်ပြီး ဆေးကျောင်းတက်ခွင့်ရတော့လည်း မာမီ ကျေနပ်ဂုဏ်ယူသည်။ ဒယ်ဒီကလည်း ဝိုင့်စိတ်တိုင်းကျ ရွေးချယ်စေ၏ ။

''သမီး အမေရိကားမှာ ကျောင်းတက်ချင်ရင် ဒယ်ဒီ စီစဉ်ပေး လို့ရတယ်၊ မြန်မာပြည်မှာပဲ တက်ချင်လည်း သမီးဆန္ဒပဲနော်''

''သမီး ဒီမှာပဲ ဆရာဝန်ဘွဲ့ရအောင် ကြိုးစားချင်တယ် ဒယ်ဒီ''

''ကောင်းပြီ သမီး၊ ဆရာဝန်ဘွဲ့ရမှ ပညာသင်ချင်ရင် ဟိုမှာ ဆက်တက်ပေ့ါ ဟုတ်လား''

သမီးတစ်ယောက်တည်းအတွက် ဒယ်ဒီ အိုးပစ်အိမ်ပစ် စီးပွား ရှာနေတာကို ဝိုင် နားမလည်ခဲ့ပါ။ မာမီကတော့ ဒယ်ဒီ့ကို နားလည်ပေး နိုင်၏ ။

''အလုပ်လုပ်နိုင်တဲ့အရွယ်အထိ သမီးဒယ်ဒီက အလုပ်လုပ် ချင်တာပါ၊ နောက်ပိုင်းကျရင် မြန်မာပြည်ကို သူ ပြန်လာမှာပါ၊ အဲဒီ အခါကျရင် မာမီတို့ မိသားစု သိုက်သိုက်ဝန်းဝန်း နေကြတာပေ့ါကွယ်''

မာမီ နားလည်သလို ဝိုင်လည်း နားလည်ပေးခဲ့ပါသည်။ ကျောင်းပိတ်ရက်တွေမှာ မာမီနှင့်အတူ ဒယ်ဒီရှိရာကို လိုက်သွားမှ ဒယ်ဒီ သည် အလုပ်မှာ နစ်မြုပ်ပျော်ရွှင်နေသူဟု ပိုနားလည်ခဲ့ရ၏ ။ ဒယ်ဒီ တစ်ယောက်

ကျန်းမာရွှင်လန်းစွာနှင့် အလုပ်လုပ်နေတာပဲ ဝိုင် ဂုဏ်ယူ တတ်ခဲ့ပါသည်။

''သမီး ဝိုင်လေး ရေမချိုးရသေးဘူးလား''

အခန်းအပြင်က မာမီ့အသံကြားမှ အခန်းထဲမှာ ငုတ်တုတ်ထိုင် ကာ အတွေးတွေ ရှည်နေမိသော ဝိုင် ဇက်ကလေးပုထရပ်ရင်း

''ချိုးတော့မှာပါ မာမီရဲ့၊ အဝတ်အစားလဲနေလို့ပါ''

''မြန်မြန်လေးချိုးနော် သမီး၊ ပြီးရင် မာမီတို့ အတူထမင်းစား ရအောင် ထမင်းဝိုင်းက မာမီစောင့်မယ် ဟုတ်လား''

''ရက်စ် အောရိုက် မာမီ''

ဝိုင် အဝတ်အစားတွေ ကသောကမျောလေး လဲလိုက်ရသည်။ အိပ်ရာခြေရင်းချိတ်မှာ လှမ်းထားသော မွေးပွသဘက်ကြီးဆွဲယူကာ ခန္ဓာ ကိုယ်မှာ ရစ်ပတ်လိုက်သည်။

ပြီးတော့မှ ရေချိုးခန်းဆီ ခပ်သုတ်သုတ်လေး လှမ်းခဲ့လိုက်ပါ တော့၏ ။

*

## အခန်း (၃)

''ကြည့်စမ်း နင်တို့က ငါ့ကို လှို့ဝှက်ထားကြတာပေါ့လေ''

ဩ၏ ပြောပြမှုကြောင့် သိသွားသော နေရောင်ချို မကျေမနပ် လေးဆိုကာ ဝိုင့်ကို မျက်စောင်းလေးတခဲခဲ။

မျက်နှာဝိုင်းဝိုင်းလေးနှင့် ချစ်စရာကောင်းသော နေရောင်ချို မျက်နှာလေးကိုကြည့်ကာ ဝိုင် ပါးချိုင့်လေးတွေခွက်အောင် ပြုံးလိုက်မိ သည်။

''ဘာပြုံးတာလဲ မိန်းမ လှောင်တာလား''

''ဟယ် မဟုတ်တာ ချိုရယ်၊ နင် မျက်စောင်းထိုးတာ သဘော ကျလို့ပါ''

''မျက်စောင်းထိုးချင်တာမဟုတ်ဘူး၊ ကျုပ်က ရှင်တို့ကို ရိုက် ကုတ်ဖဲ့ပစ်ချင်တာ၊ ကျုပ်ကိုခေါ်ထားပြီး ကြိတ်ပုန်းခုတ်နေတာ မကျေနပ် ဘူး တကယ်''

''နင့်ကို ခေါ်ထားတာ မဟုတ်ဘူး၊ အဲဒီ နေ့က နင်က ဒေါက်တာဦးလင်းကို စာသွားမေးတာလေ၊ နင့်ကျောင်းစာကိစ္စပျက်မှာစိုး လို့ မခေါ်တာပါဟယ်''

''ဟုတ်ပါတယ် ဒါကြောင့်ပါ ချိုရဲ့''

မနေနိုင် မထိုင်နိုင် ဖွင့်ပြောမိသော ဩလည်း ဝင်တောင်းပန် ဖြေရှင်းနေရသည်။ ဒါတောင် နေရောင်ချို မျက်နှာက ကျေနပ်ပုံမရ။

''ဒါကြောင့် နင်တို့စာမေးဖို့ခေါ်တော့ မလိုက်ကြတာကိုး''

ကိုယ့်အပြစ်နှင့်ကိုယ် ဝိုင်နှင့်သြ မျက်နှာငယ်လေးတွေနှင့် နှုတ်ဆိတ်နေလိုက်ကြပါသည်။

''နေပါဦး ဝိုင်၊ နင်က တကယ်ပဲ အဲဒီ ကောင်လေးကို ကြိုက်သွားတာလား''

''မမေးနဲ့ ချိုရေ၊ ဝိုင် ရင်ခုန်တတ်သွားတာ သေချာတယ်''

သြစကားကြောင့် ချိုအကြည့်တွေက ဝိုင်ဆီ စူးစူးနစ်နစ် ရောက်လာသည်။ ဝိုင် ရှက်မျက်နှာလေးနှင့် ပြုံးတုံ့တုံ့လေး ဖြစ်နေ၏ ။

''ငါတို့ ဖြူ မှာ အချောဆုံးနင်က ချဉ်းကပ်လာသူတိုင်းကို ခေါင်းခါငြင်းခဲ့ပြီးမှ ဘယ်လိုဖြစ်သွားတာလဲ''

''ငါ မပြောတတ်ဘူးဟာ၊ သူ့ရဲ့တည်ငြိမ်ပြီး ရိုးစင်းတဲ့စတိုင် လေးကို သဘောကျသွားတာ''

''ဖြစ်ရမယ် အင်း သြ ပြောပြပုံအတိုင်းဆိုရင် မဆိုးပါဘူး၊ သူကလည်း နင်နဲ့အဆင့်အတန်းတူပြီး ထက်ထက်မြက်မြက်ရှိတဲ့
ယောကျ်ားတစ်ယောက်ထင်တာပဲ''

''ဒါတော့ သေချာတယ်ဟ၊ တန်ခူးမောင်တို့အဖွဲ့ထဲမှာ သူက လုံးဝ အီကိုသမား၊ လက်ရှိလည်း သူ့အမေရဲ့လုပ်ငန်းတွေကို ဦးဆောင်နိုင် အောင် ကြိုးစားနေတာ''

''အင်း တို့သူငယ်ချင်းမလေးနဲ့ လက်ခံနိုင်လောက်သူဆိုတာ တော့ ငါသိပါပြီ၊ ဒါပေမဲ့ ဝိုင့်ဘက်က အခုလို ကြိုးစားနေရတာ သိပ် မမိုက်ဘူးဟာ''

''ဟ ဒါတော့ ဝိုင့်ဘက်က ရင်ခုန်တတ်သွားခဲ့တာကိုး''

သြကတော့ ဝိုင့်ဘက်က ထောက်ခံမှုအပြည့်ပေးနေသည်။ ချို ကတော့ သိပ်အလိုကျပုံမပေါ်သေးဘဲ

''ဝိုင့်ဘက်က သိက္ခာမဲ့သလိုဖြစ်မှာစိုးလို့ပါ''

''မဆိုင်ပါဘူးဟာ ကိုယ် နှစ်သက်ရင်ခုန်တဲ့သူနဲ့ ဆုံဆည်းဖို့ အတွက် ဒီလောက်တော့ ကြိုးစားရမှာပေါ့၊ ကိုယ့်ကို လာပတ်သက် တောင်းခံမှ ရွေးချယ်ခေါင်းညိတ်ရမှာလား၊ ငါတော့ ဒါကို လက်မခံဘူး''

သြဲက ခပ်ပြတ်ပြတ်ပဲပြောသည်။ ချိုလည်း နှုတ်ဆိတ်သွားခဲ့ ၏ ။ ထိုအခိုက်မှာပဲ ဝိုင့်အကြည့်တွေက ကော်ဖီဆိုင်လေးရှေ့ကို ရောက် သွားသည်။

''ဟယ် ညိုချောလေး'' ''ဘာရယ် ဘယ်သူ''

ချို့နှုတ်က ရေရွတ်ရင်း ဝိုင့်အကြည့်တွေ ဦးတည်ရာကို လိုက် ကြည့်သည်။

လမ်းမဟိုတစ်ဖက် ပလက်ဖောင်းမှာ မြင်လိုက်ရသော နယုန် သွေးကို သြဲနှင့်ချိုပါ တွေ့လိုက်ကြ၏ ။

ပလက်ဖောင်းဘေး အရောင်းဆိုင်ကြီးထဲက ထွက်လာသော နယုန်သွေး ဝတ်ဆင်ထားသော စပို့ရှပ်စိမ်းနုလေးနှင့် အနက်ရောင် ဘောင်းဘီရှည်လေးနှင့် ဖြစ်၏ ။

ဘယ်တော့ကြည့်ကြည့် သူ ဝတ်ဆင်ထားသည်က အရောင် နုနုနှင့် ရိုးစင်းသော ဝတ်စုံလေးတွေပဲဖြစ်၏ ။

''ဝိုင် ငါတို့ သွားနှုတ်ဆက်ကြရအောင်''

''ဟယ် ကောင်းပေါ့မလား သြဲရဲ့''

''လာစမ်းပါ လမ်းကြုံလို့ ဆုံသလိုပေါ့ဟာ''

သြဲ ကိုယ်တိုင်က တိုက်တွန်းနေတော့ ဝိုင် ထရပ်မိသည်။ ချို ကလည်း ဝိုင်တို့နှင့်အတူ ဆိုင်လေးထဲက ထွက်လိုက်လာပါသည်။

ဝိုင်တို့သုံးယောက် ကားလမ်းမတစ်ဖက်ကို ဖြတ်ကူးချိန်နှင့် နယုန်သွေးလျှောက်လာချိန်နှင့် အံကိုက်ပဲ ထိပ်တိုက်ဆုံသည်။

''ဟော ဘယ်ကပြန်လာတာလဲ''

ဩကပြုံးပြုံးရင်း ခပ်တည်တည်နှုတ်ဆက်သည်။ နယုန်သွေး မော်ကြည့်ရင်း မျက်ဝန်းတွေက ဝိုင်တို့သုံးယောက်ကို အူတူတူကြည့်နေ၏ ။

''ဟို ခင်ဗျားတို့ကို ကျွန်တော် မသိဘူးခင်ဗျ''

ဝိုင် မျက်နှာလေးနီသွားသလို ချိုလည်း မျက်မှောင်ကြီးကုပ် သွားခဲ့သည်။ ဩ ကိုယ်တိုင်လည်း တွန့်သွားမှာသေချာ၏ ။ ဒါပေမဲ့ ဩ က ပျက်သွားသောအပြုံးကို ချက်ချင်းပြင်ရင်း

''အဟင်း နယုန်သွေးက မေ့တတ်လိုက်တာ၊ တို့က တန်ခူး မောင်တို့နဲ့ အရမ်းခင်မင်တယ်လေ၊ ဟော့ပေ့ါဆိုင်မှာ ဆုံကြသေးတာပဲ၊ နယုန်သွေးမွေးနေ့တုန်းကလေ''

သည်တော့မှ သူ တိုစိပ်စိပ်မျက်တောင်တွေကို ပုတ်ခတ်ရင်း ခေါင်းညိတ်၏ ။

''အင်း ဟုတ်လား၊ ဆောရီးဗျာ ကျွန်တော် ခုချက်ချင်း မှတ်မိ ဖို့ ခက်နေလို့ပါ၊ တန်ခူးတို့နဲ့ ကျွန်တော်က လိုင်းမတူဘူးဗျ၊ သူတို့က ဂီတအနုပညာသမားတွေလေ''

''သိတာပေ့ါ တို့ကလည်း တန်ခူးရဲ့အစ်မတွေနဲ့ ပိုခင်မင်တာပါ၊ ဒါပေမဲ့ တစ်ခါဆုံဖူးတဲ့ နယုန်သွေးကို မှတ်မိပါတယ် နော် ဝိုင်''

ဝိုင့်ဘက်ကို မေးလေးဆတ်ကာ ဩကပြောတော့ ဝိုင် ခေါင်း လေးညိတ်ပြမိ၏ ။ ထိုအခိုက်မှာပဲ နယုန်သွေး ခါးမှာချိတ်ထားသော ဟန်းဖုန်းလေးက ထမြည်သည်။

''ခဏလေး ခွင့်ပြုပါဗျာ''

ပြောရင်း နယုန်သွေး ဖုန်းလေးဖွင့် နားထောင်သည်။

''ဩော် မာမီလား ဟုတ်ကဲ့၊ သား အခုပဲ ပြန်လာမလို့ပါ၊ ဟုတ်ကဲ့ သားရောက်ခဲ့ပြီးပြီ၊ ဟုတ် ဟုတ် ဆယ်မိနစ်အတွင်း ရောက်မယ် မာမီ ဟုတ်ကဲ့''

သူ့မိခင်ဆီက ဖုန်းဟု ဝိုင်တို့သိလိုက်သည်။ သူက ဖုန်းလေး ပြန်ပိတ်ရင်း ဝိုင်တို့သုံးယောက်ကို အားတုံ့အားနာ မျက်ဝန်းတွေနှင့်ကြည့် ကာ

''အလုပ်ကိစ္စတစ်ခု အရေးပေါ် ပေါ်လာလို့ခင်ဗျ၊ ကျွန်တော့်ကို ခွင့်ပြုကြပါဦးနော်''

နယုန်သွေး ခေါင်းတစ်ချက်ညိတ်ကာ မလှမ်းမကမ်းမှာ ရပ် ထားသော အစိမ်းပုတ်ရောင် ဃပါညကျ ကားကြီးပေါ် လှမ်းတက်သွားခဲ့ သည်။

ကားစက်နှိုးကာ ငြိမ့်ခနဲ မောင်းထွက်သွားသည့်တိုင် ဝိုင်တို့ကို တစ်ချက်လေး လှည့်မကြည့်ပါ။

''ဝိုင် နင့်လူက ဘယ်လိုကြီးလဲ''

''သူ အရေးပေါ်ကိစ္စရှိလို့ထင်တယ်၊ သူ့မာမီလှမ်းခေါ်တာ ဖြစ် မယ်''

''ဟုတ်မယ် ချိုရဲ့၊ ဝိုင့်ချာတိတ်က စီးပွားရေးသမားပေါက်စ လေးဟ၊ တန်ခူးမောင်တို့နဲ့ လိုင်းမတူဘူး''

''ဘာပဲဖြစ်ဖြစ်ဟာ နှုတ်ဆက်ကတည်းက မမှတ်မိတာတော့ လွန်လွန်းတယ်၊ ပြီးတော့ ပြောဆိုဆက်ဆံပုံက စိမ်းသက်သက်နဲ့''

ချိုကတော့ မကျေမနပ်နှင့် အပြစ်တင်ဝေဖန်စကား ဆိုနေ သည်။ ဩနှင့်ဝိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

ဩကပဲ ကြားကဝင်ကာ ဖြေရှင်းချက်ပေးသည်။

''ငါတို့ ဆုံဖူးတာ အဲဒီ ခဏလေးပဲဟာ၊ နင်တောင် ငါ ပြောပြ တော့ မမှတ်မိဘူးမဟုတ်လား၊ နယုန်သွေးကလည်း အဲဒီ တုန်းက ငါတို့ကို တန်ခူးမောင်ရဲ့ပရိသတ်ထင်ပြီး သတိမပြုမိတာ ဖြစ်မှာပေါ့၊ ထားလိုက်ပါ ဝိုင် မရှုံးပါဘူး၊ ဒီတစ်ခါတော့ သူ မှတ်မိသွားမှာပါ''

ချို ဘာမှထပ်မပြောတော့ပါ။ သြက ဦးဆောင်ကာ ကော်ဖီ ဆိုင်လေးရှေ့မှာ ရပ်ထားခဲ့သောကားဆီ ပြန်လှမ်းခဲ့ကြသည်။

ဝိုင့်အာရုံထဲမှာတော့ သူ့မျက်နှာလေးကို မြင်ယောင်နေမိဆဲ။ သူ့မျက်ဝန်းတွေက ဝိုင်တို့ကို မမှတ်မိတာတော့ သေချာလွန်းသည်။

ဘယ်လိုကောင်လေးလဲ နယုန်သွေးရယ်။

ငယ်ငယ်ရွယ်ရွယ်နဲ့ အမှတ်သညာ နည်းလိုက်တာကွယ်။ ဒါပေမဲ့ ရှင်လေးရဲ့ ဖြူစင်ရိုးသားတဲ့ မျက်ဝန်းလေးတွေကို တို့ နှစ်သက်ပါတယ်။

နောက်တစ်ခါ ဆုံကြရင် မမေ့ကြေးနော် ညိုချောလေး။

*

## အခန်း (၄)

သုံးရက်လောက် သူနှင့်မဆုံ။ သူ့အကြောင်းမပြောဖြစ်သည့်တိုင် ညို့ချောလေးသည် ဝိုင့်ရင်မှာ ရှိနေခဲ့တာတော့ သေချာပါသည်။

ကျောင်းစာတွေကြောင့်လည်း အချိန်ပေးစာကျက်ရင်း အပြင် ကို ဝိုင် သိပ်မထွက်ဖြစ်ခဲ့ပါ။ နယုန်သွေးကတော့ စဉ်းစားလိုက်တိုင်း အတွေးထဲကို သိမ်သိမ်မွေ့မွေ့လေး ဝင်ရောက်လာတတ်စမြဲ။

ဝိုင်တို့နှင့်ဆုံတုန်းက မမှတ်မိဘဲ အူတူတူဖြစ်နေသော မျက်နှာ လေးက ဝိုင့်အာရုံထဲမှာ အရိပ်ထင်နေဆဲရှိသည်။

သည်နေ့ကျမှ ဘဲကင်စားချင်စိတ်က အာသီသဖြစ်လာတာမို့ မာမီ့ကို ခွင့်တောင်းပြီး ထွက်ဝယ်ဖြစ်သည်။

ဘဲကင်တစ်ကောင် ဝယ်ခဲ့ကာ ကမ္ဘာအေးဘုရားလမ်းအတိုင်း ဝိုင် ပြန်ခဲ့ခိုက်မှာ မမျှော်လင့်မြင်ကွင်းနှင့်ထိပ်တိုက်ဆုံရတာ ဖြစ်သည်။

တစ်ခါမြင်ထားသည်နှင့် မမှတ်မိစရာရှိသော နယုန်သွေးရဲ့ ကားလေးကို လမ်းဘေးမှာရပ်တန့်လျက်တွေ့လိုက်ရသည်။ ပြီးတော့ ထူး ခြားသည်က ကားစက်အဖုံးကို ဖွင့်ထားတာပဲဖြစ်သည်။

သူ့ရဲ့ဆိုင်းနပ်(စ်)ကားက အသစ်ကြီးပါပဲ။ ဘာကြောင့် စက်ဖုံး ဖွင့်ပြီး လမ်းမပေါ်ရပ်နေရတာ လဲ။

အံ့ဩစိတ်နှင့်အတူ ဝိုင့်ကားကို သူ့ရဲ့ကားကြီးအနောက်မှာ ညင်သာစွာ ထိုးရပ်လိုက်ပါသည်။

ဝိုင် ကားတံခါးဖွင့်ဆင်းလိုက်စဉ်မှာပဲ ကားကြီးထဲက လူရွယ် တစ်ယောက် ထွက်လာသည်။ ဝိုင် တွေ့ချင်လှသော ညိုချောလေး မဟုတ်ပါ။ တန်ခူးမောင်တို့အဖွဲ့ထဲက တစ်ယောက်ဖြစ်နေသည်။

လက်ထဲမှာ ဟန်းဖုန်းကြီးကိုင်ကာ ရွှေအိုရောင်ဆံပင်နှင့် လူ ရွယ်က ဝိုင့်ကို လှမ်းကြည့်သည်။

''မင်းက တန်ခူးမောင်တို့အဖွဲ့ထဲက ထင်တယ်''

''ဟုတ်ပါတယ် မမက အဲ ဟုတ်ပြီ တန်ခူးမမတွေနဲ့ သူငယ် ချင်း ဟော့ပေါ့ဆိုင်မှာ ဆုံဖူးတာပဲ''

ကြည့်စမ်း ချာတိတ်က ဝိုင့်ကိုချက်ချင်း မှတ်မိပါသည်။ နယုန် သွေးလို မမှတ်မိတာမျိုး မရှိ။

''တော်သေးတာပေါ့ မင်းက မှတ်မိတာကိုး၊ ညို အဲ နယုန်သွေး ကတော့ ပြန်ဆုံတာ တို့ကို မမှတ်မိဘူးကွ''

''သွေး ဒီကောင်လား''

''ဟုတ်တယ် ဟိုတစ်ခါ တို့သူငယ်ချင်းတွေနဲ့ဆုံတာ သူ လုံးဝ မမှတ်မိလို့ မနည်းပြန်မိတ်ဆက်ရတယ်''

''သွေးက ခေါင်းထဲမှာ ကိန်းဂဏန်းတွေပဲရှိတဲ့ကောင် မမရဲ့၊ အခုလည်း ဒီကောင့်ကို ဒုက္ခပေးပြီး ကားယူလာတာ၊ ကျိန်စာတိုက်လိုက် သလားမသိဘူး၊ စက်နှိုးလို့မရတော့ဘူးလေ၊ ဖုန်းဆက်တော့လည်း အခု ထိ ခေါ်လို့မရသေးဘူး''

နယုန်သွေး ကားလေးကို ဒီချာတိတ်ယူလာခြင်းဟု အခုမှ ဝိုင် နားလည်လိုက်၏ ။

''ကားက ဘာဖြစ်လို့လဲ၊ စက်ချွတ်ယွင်းတာတော့ မဟုတ်ဘူး ထင်တယ်''

''မသိပါဘူး မမရာ၊ ဒီမှာ စီးကရက်ဘူးဆင်းဝယ်ပြီး ပြန်စက် နှိုးတော့

လုံးဝမရတော့ဘူး၊ ကျွန်တော်က ကားပဲမောင်းတတ်တာ၊ ဘာမှ နားမလည်ဘူး''

''ဒီလိုလုပ်လေ၊ မင်း ကားစက်တစ်ချက်နှိုးကြည့်စမ်းပါ''

ချာတိတ် သူ့ကို မယုံသလို မျက်ဝန်းနှင့်လှမ်းကြည့်သည်။ ဘာမှ မပြောတော့ဘဲ ကားတံခါးဖွင့်တက်ကာ စက်နှိုးသည်။

ကားစက်နှိုးသံက လုံးဝထွက်မလာတာကို ဝိုင် နားစိုက်ထောင် ရင်း ဖွင့်ထားသော စက်ဖုံးဆီ လျှောက်ခဲ့သည်။

ကားစက်ဖုံးထဲ တစ်ချက်ငုံ့ကြည့်ရုံနှင့် ဝိုင် သဘောပေါက်ကာ ပြုံးမိသည်။ လွတ်နေသော ဘတ္ထရီခေါင်းကို ခပ်တင်းတင်းလေးတစ်ချက် ပြန်ထိပေးရင်း

''နှိုးကြည့်ပါဦးကွ''

ဒီတစ်ခါတော့ ကားစက်သံက ညင်သာစွာပဲ နှိုးလာပါသည်။ ချာတိတ်မျက်နှာ ဝင်းပကြည်လင်သွားကာ ကားထဲက ပြန်ဆင်းလာ၏ ။

''မမက ဆရာဝန်လောင်းနော်၊ တကယ် လေးစားတယ်၊ ကား တွေရဲ့ကျန်းမာရေးကိုလည်း ကျွမ်းကျင်တယ်နော်''

''နည်းနည်းပါးပါးတတ်ထားတာပါကွာ၊ အခုကားက ဘတ္ထရီ ကြိုးလွတ်နေတာပါကွာ၊ ဘာမှဖြစ်တာမှ မဟုတ်တာ''

''ဘာပဲဖြစ်ဖြစ် မမကို ကျေးဇူးတင်တယ်၊ သွေးကို ပြန်ပြောပြ ရင်တော့ ကျွန်တော်တစ်ချက်ငုံ့ကြည့်ရင်း''

''မမကို ကျေးဇူးတင်တဲ့အနေနဲ့ ဘာကျွေးမွေးရမလဲ''

''ရပါပြီကွာ၊ မမ ပြန်တော့မှာကွ၊ ကျွေးချင်ရင် နောင်ကြုံမှ ကျွေးတော့''

''အိုကေ သင့်ခယူမမ ကျွန်တော်လည်း တန်ခူးတို့ စတူဒီယို က

စောင့်နေမှာမို့ သွားတော့မယ်နော်''

ချာတိတ်နှုတ်ဆက်ကာ ကားလေးပေါ်မောင်းထွက်ပြန်သွားခဲ့ သည်။ သည်တော့မှ ဝိုင်လည်း ကားလေးပေါ်တက်ကာ ပြန်ခဲ့သည်။

တန်ခူးမောင်တို့အဖွဲ့က သည်ကောင်လေး အမည်နာမကို ဝိုင် အသေအချာ မသိပါ။ မေးလည်း မမေးလိုက်မိခဲ့။

နယုန်သွေး ကားမို့ မှတ်မိကာ ရပ်လိုက်မိခြင်းဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် နယုန်သွေးနှင့် မဆုံဖြစ်ပေမယ့် ဒီချာတိတ်နှင့်ဆုံဆည်းလိုက်ခြင်း ကလည်း ကောင်းပါသည်။

နယုန်သွေး ပြန်ကြားသိလျှင်တော့ ဝိုင့်ကို သတိရမှာသေချာ၏ ။

ညိုချောလေး ရှင်နဲ့ပတ်သက်တိုင်း အရာရာက ကျွန်မအတွက် တော့ အမှတ်တရ ကျေနပ်စရာတွေပါပဲ။

ရှင်လေးကတော့ ကျွန်မကို မှတ်မှတ်ရရ ရှိနိုင်ပါ့မလား။

ကျွန်မ ရင်းနှီးခင်မင်ချင်တာ ရှင်နဲ့ပါ။ မကြာခင်မှာ ကျွန်မတို့ အခင်မင်ဆုံး မိတ်ဆွေတွေဖြစ်ချင်ပါတယ် နယုန်သွေးရယ်။

*

အိမ်ပြန်ရောက်တော့ ဝိုင် မမျိုသိပ်ထားနိုင်တော့ဘဲ ညြဆီကို ဖုန်းဆက်သတင်းပို့မိသည်။

''နေပါဦး နင်နဲ့ဆုံတာ ဘယ်သူလဲ နေဇော်မိုးလား၊ သူရဇော် လား''

''ဟင့်အင်း ငါ အသေအချာ မသိဘူး ညြရဲ့၊ ရွှေရောင်ဆံပင် ထောင်ထောင်နဲ့ ချာတိတ်ပဲ မျက်ခုံးပါးပါး နှာတံချွန်ချွန်နဲ့လေဟာ''

''ဖြစ်ရမယ် အဲဒါ သူရဇော်ပေါ့ ဝိုင်ရဲ့ နင်ကလည်း''

ဩ အလိုမကျသလိုလေး အပြစ်တင်တော့ ဝိုင် ရယ်လိုက်မိရင်း

''ငါက နယုန်သွေးထင်လို့ ကားကိုရပ်လိုက်တာလေဟာ၊ မထင် မှတ်ဘဲ အဲဒီ ချာတိတ်ဖြစ်နေတာ''

''အင်း ဖြစ်ရမယ်၊ ဒါနဲ့ ငါ နင့်ကိုပြောစရာတစ်ခု ရှိသေးတယ်'' ''ဘာလဲ ဩ၊ ပြောလေ''

''မနက်ဖြန် ပန်းနယုန် ကညခအသေသည   ဖွင့်ပွဲရှိတယ်ဟ''

''ဘာလုပ်ရမှာလဲ၊ စာမေးပွဲက နီးနေပြီ၊ နင်က ဈေးဝယ်ထွက် ဦးမလို့လား''

ဝိုင် အပြစ်တင်သလိုလေးပြောတော့ ဩ ဖုန်းထဲက တိုးတိုး လေး ကျိန်ဆဲရင်း

''ကောင်မ ငါက ရှင့်အတွက်ပြောတာ အဲဒီ ပန်းနယုန် ကညခအသေသည က တော့်ရဲ့ နယုန်သွေးပိုင်တဲ့ အရောင်းစင်တာကြီးဟဲ့''

''ဟင် တကယ်''

''ဟုတ်တယ် ဒါလေးတောင် ရှင် မသိဘူးလား''

''ဆောရီး ဩရယ် ငါ မသိလို့ နင် အရမ်းအားကိုးရတယ်၊ ငါတို့ မနက်ဖြန် ခဏသွားကြမလား''

''သွားကြမှာပေါ့ ဇော်ရဲ့ နယုန်သွေး လာမှာသေချာတယ်၊ နှစ်ယောက်ဆုံဖို့တော့ မလွယ်ဘူးနော်၊ သူကအလုပ်တွေ ရှုပ်နေမှာ''

''ငါ သဘောပေါက်ပါတယ်၊ ခဏသွားတာပေါ့၊ သူ့မျက်နှာ လေးကြည့်ရရင် တော်ပြီ''

''final part ကျရင် နယုန်သွေးအကြောင်းပဲ ရှင် ဂုဏ်ထူးမှတ်ရအောင်ဖြေနော်၊ ကြားလား မိန်းမ ဟွန်း''

''စိတ်ချ ဘိုင့်ဘိုင်''

ဩကို ရွဲ့ရွဲ့လေးပြောပြီး ဝိုင် ဖုန်းလေးပိတ်ပစ်လိုက်သည်။ ဩ မကျေမနပ်လေး ကျိန်ဆဲမှာကို သိပါသည်။

ပြောသာပြောရသည်။ ချို့ထက်စာလျှင် ဩက ဝိုင့်ကို ပိုလို့ နားလည်သူဖြစ်သည်။ ချိုကတော့ နယုန်သွေးကို ဝိုင့်ဘက်က အချိန်ပေးကြိုးစားနေတာကို လုံးဝ မကျေနပ်ပါ။

''ဝိုင်ရယ် နင့်အခြေအနေနဲ့ ဘယ်ယောကျ်ားကိုမဆို ခေါင်းခေါက်ရွေးချယ်လို့ရတယ်''

ချို ပြောမယ်ဆိုလည်း ပြောစရာပါပဲ။ ပထမနှစ်မှ နောက်ဆုံးနှစ်ရောက်ခဲ့သည်အထိ ဝိုင့်အချစ်ကို တောင်းခံနေသူတွေထဲမှာ ပညာ တတ်တွေ ဥစ္စာဂုဏ်ဓနတွေ ရုပ်ရည်ချောမောသူတွေ အများကြီး ဖြစ် သည်။

ဒါပေမဲ့ နှလုံးသားက ရင်ခုန်ဖို့ ဆန္ဒမရှိတော့လည်း အချစ်ကို နှလုံးသားနှင့်ပဲ တိုင်းတာချင်သော ဝိုင့်အဖြစ်က...။

*